
mgyoe.com SAMPLE BOOK

# ဟန်ချက်ညီသော ခြေလှမ်းများ


မင်းထက်ဟန်



mgyoe.com

mgyoe.com SAMPLE BOOK

စာပေခရီးသွားများ လူငယ်စာစဉ်တွင်
ရေးသားခဲ့သော
ဆောင်းပါးများကို
စုစည်းထုတ်ဝေခြင်း...။




Balanced Steps_3500MMK

4 472682 607376

mgyoe.com

mgyoe.com SAMPLE BOOK



# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | - | ဇွန်လ၊ ၂၀၂၃ ခုနှစ်၊ ဇလပ်နီစာပေ |
| ဟန်ချက်ညီသော ခြေလှမ်းများ | - | မင်းထက်ဟန် |
| မျက်နှာဖုံးဒီဇိုင်း | - | ညလင်းသွေး |
| စာတည်း | - | ဇေသစ်ထွန်း |
| အတွင်းအပြင်အဆင် | - | ဇလပ်နီ |
| စာအုပ်ချုပ် | - | ဖူးပွင့်မွှေး |
| အုပ်ရေ | - | ၁၀၀၀ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ<br>၀၉၀၉၉၆၄၀၆၆၈ ၊ ၀၉၄၄၇၂၆၈၂၆၇<br>*www.zalatnisarpay.com* |
| ရောင်းဈေး | - | ၃၅၀၀ ကျပ် |

ဦးမင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄) က ထုတ်ဝေ၍ ပုံရိပ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆)၊ အမှတ်(၈)၊ အိပ်ကြီးလမ်း ရေကျော်၊ ပုဇွန်တောင်တွင် ရိုက်နှိပ်သည်။

၈၀၈.၈၄
မင်းထက်ဟန်
ဟန်ချက်ညီသော ခြေလှမ်းများ။ မင်းထက်ဟန် ။- ရန်ကုန်။
ဇလပ်နီစာပေတိုက်၊ ၂၀၂၃။
စာ-၁၀၈ ၊ ၁၁.၅ × ၁၈.၄ စင်တီ
(၁) ဟန်ချက်ညီသော ခြေလှမ်းများ


mgyoe.com

mgyoe.com SAMPLE BOOK

အမှတ်တရ

- မယ်လွင့်
- အိမ်မွန်


| | | |
|---|---|---|
| ၁။ | ဟန်ချက်ညီသော ခြေလှမ်းများ | ၁၂ |
| ၂။ | လူရည်ချွန်ဖြစ်ဖို့ | ၂၆ |
| ၃။ | မိန်းမသားတို့ဘဝ ခွင့်တူညီမျှ | ၃၃ |
| ၄။ | ဦးလည်မသုန် | ၄၂ |
| ၅။ | အချိန်ထဲမှာ ကြိုက်တာရှာ | ၅၁ |
| ၆။ | အဆင့်မြင့်စိတ်ကူးမှ အဆင့်မြင့်လူသို့ | ၆၂ |
| ၇။ | တကယ်လုပ် အဟုတ်ဖြစ် | ၆၉ |
| ၈။ | သမိုင်းလက်ရေး | ၇၉ |
| ၉။ | စမ်းနှင့် ထမ်း | ၉၂ |
| ၁၀။ | ဝညာသည်သာလျှင် | ၁၀၁ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ကိုယ်ပိုင်ယာဉ်ငယ်လေးနဲ့

လုပ်ချင်ရာကို လုပ်နေတဲ့ စာရေးသူနဲ့ ဖြစ်ချင်တာတွေကို တစိုက်မတ်မတ် လုပ်နေတဲ့ ထုတ်ဝေသူအဖြစ် ဆုံခဲ့ကြတာ လေးနှစ်နီးပါး ကြာမြင့်ခဲ့ကြပြီ။

လူတွေမှာ ကိုယ်စီ စိုက်ထူရမယ့် အမှတ်အသား မှတ်တိုင်တွေ ရှိကြစမြဲ မဟုတ်လား။

ဒီစာအုပ်တွေကတော့ ဟန်လေး (မင်းထက်ဟန်)ရဲ့ မှတ်တိုင်တွေပေါ့။ ကိုယ့်ထက် ငယ်ပေမဲ့ သူက စာတအားဖတ်တဲ့သူ၊ ဘဝ နာတဲ့သူ ဆိုတော့ အခုစာအုပ်မှာ သူ ဖတ်ထား၊ ရထားတဲ့ အသိအမြင်တွေကို ပြန်မျှဝေတဲ့ စာတွေ ရေးတော့လည်း 'ဩော်... ဒါက ဟုတ်နေတာပဲ၊ မှန်သားပဲ' လို့ လက်ခံတွေးတောရပြန်တာပါပဲ။

မောင်လေးရေ...

ငါတို့တွေက နေ့းချင်နေ့းမယ်... ဒါပေမဲ့ ဘယ်သူ့အရှိန်ကိုမှ လိုက်ပါနေစရာ မလိုတဲ့ ကိုယ်ပိုင်ယာဉ်ငယ်လေးတွေပဲ ဆိုပါတော့... တနေ့နေ့တော့ ကိုယ်ယုံကြည်ရာဆီကို တကယ်ပဲ ရောက်ကြမှာပါပဲ။

ချစ်ခင်လျက်

**မယ်ဂျွင်း** ❑

ဖလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

# ယုံကြည်ရာသို့

'စာအုပ်အတွက် အမှတ်တရစာ ရေးပေး' တဲ့။

'ဟင်'

လို့ပဲ အာမေဋိတ်ပြုလိုက်နိုင်တယ်။

သူ့စာအုပ် ကြည့်တော့လည်း စိတ်ဖတ်စာ၊ ဉာဏမှတ်စုလို ကိုယ်သတ်မှတ်ထားတဲ့ အမျိုးအစား။ ကိုယ်က ပေါ့ပြက်ပြက် ပြောင်ချော်ချော် ရေးမိရင် ဆွမ်းဆန်ထဲ ကြွက်ချေးရော ဖြစ်ဦးမယ်။

ပြီးမှ 'အမှာစာလို မဟုတ်ဘူး၊ အမှတ်တရစာ ဆိုတော့ ကျောင်းတက်တုန်းက 'ရေးပေးပါ' စာအုပ်တွေထဲ ထည့်ရေးတဲ့ ကဗျာတိုလေးတွေလိုပဲ ရေးပေးလိုက်ရမလားလို့ တွေးမိတာက အရင်...။

အဲဒီလို အမြဲပေါက်ကရ တွေးတဲ့သူနဲ့ သူ့ရဲ့ 'ဟန်ချက်ညီသော ခြေလှမ်းများ' ကို ဘယ်လိုများ သဟဇာတ မျှမယ် ထင်ပြီး အမှတ်တရ လာရေးခိုင်းလဲတော့ အခုထိ စဉ်းစားမရတာ အခု ရေးနေချိန်ထိ။

ဒါနဲ့ပဲ ပေးလာတဲ့ စာမူကို ဖတ်ပြီး ဘာရေးပေးရမလဲ စဉ်းစားတော့ 'ဦးလည်မသုန်' ဆိုတဲ့ စာစုလေးထဲက စကားဟာ မှတ်မှတ်ထင်ထင် ကျန်ရစ်နေတာနဲ့ ပြန်အစ ဆွဲထုတ်လိုက်မိတယ်။

"ဒီအရပ်ဒေသမှာ လဲသေရင် သေပါစေ။ ခရီးကြမ်းကြောင့် လူးလိမ့်နေအောင် ခံစားရပါစေ၊ သင်နဲ့တော့ အတူမသွားနိုင်ဘူး" တဲ့။

ဇာတ်လမ်းထဲမှာတော့ ကိုယ်ကျင့်သီလ ဖောက်ပြားသူကို



mgyoe.com

mgyoe.com SAMPLE BOOK



အရှင်စက္ကူပါလ မထေရ်က ပြောတာ။

အဲဒီစာမှာ ဘာကို အမှတ်ရမိလိုက်လဲဆို ကိုယ်နဲ့ ကိုဟန်လေးတို့ ခင်ခင်မင်မင် မောင်လိုနှမလိုထိ ရင်းနှီးလာရခြင်း အချက်ကလည်း အပေါ်က စိတ်တခုမှာ လာတူနေခဲ့ကြတာ တချက်တည်းကြောင့်လို့တော့ ပြောရမလားပဲ။

ကိုယ်တို့တွေက ခေါင်းမာကြတယ်။ ယုံကြည်ချက် တခုကနေ သွေဖည်ပျက်ပြားသူတွေဆို ငြင်းဆိုချင်ကြတယ်။ မိတ်ပဲ ပျက်ပျက်၊ စီးပွားပဲ ပျက်ပျက် ကိုယ် မလုပ်ဘူးလို့ ရည်ရွယ်ထားတဲ့ အရာဆို အပေါ်က စကားလိုပဲ 'ဒီအရပ်ဒေသမှာ လဲသေရင် သေပါစေ။ ခရီးကြမ်းကြောင့် လူးလိမ့်နေအောင် ခံစားရပါစေ' ဆိုတဲ့ စိတ်နဲ့ ရှေ့ကိုတိုးရှင်သန်ခဲ့ကြတာပဲ။

ဒီကာလတွေဟာ အင်မတန်ကို ခက်ခဲပင်ပန်းကြပါတယ်။ ဆန္ဒကို ရှေ့တန်းတင်ပြီး ယုံကြည်ချက်နဲ့ ခံယူရာကို ချောင်ထိုးကြသူတွေ အများအပြား ဖြစ်လာချိန်မှာ ကိုယ့်လိုပဲ ခေါင်းမာ၊ အကြောတင်း လူ့ကန့်လန့်တယောက် အနားမှာ ရှိနေတာ စိတ်အေးရ။ အဆဲခံရတိုင်း 'ငါ တစ်ယောက်တည်း မဟုတ်ဘူး' လို့ ရင်ပြိမ်းရ။

'ဦးလည်မသုန်' ဆိုတဲ့ စာစုဟာ တကယ်ပဲ ကိုဟန်လေးရဲ့စိတ်နဲ့ တူတယ် ပြောမိတော့ တကယ်လို့ စာဖတ်သူတွေက 'ဟန်ချက်ညီသော ခြေလှမ်းများ' ထဲက တခြားစာစုတွေကို ဖတ်ရင်းနဲ့ ဒီစာရေးတဲ့သူက သူ့စာတွေထဲကလို နေနိုင်လို့လား တွေးမိတဲ့သူ ရှိရင် ကိုယ်က ဖော်ကောင်လုပ်ဖို့ စောင့်နေပါတယ်လို့ပဲ ပြောရင်း…။ ။


❑

**အိမ်မြှူနီ**



mgyoe.com

mgyoe.com SAMPLE BOOK



# ဟန်ချက်ညီသော ခြေလှမ်းများ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ချင်တာက ဆန္ဒ၊ ဖြစ်နေတာက ဘဝ၊ ဆန္ဒနှင့် ဘဝ တထပ်တည်း ကျခဲတယ် ဆိုတာ သိထားသော်လည်း ဖြစ်ချင်တာ ဖြစ်ရသော အခါမှာ ပျော်မဆုံး မော်မဆုံး ဖြစ်တတ်သလို၊ ဖြစ်ချင်တာတွေ မဖြစ်ရသော အခါကျတော့လည်း ဝမ်းနည်းပူဆွေးတတ်တာ ပုထုဇဉ်တို့ သဘာဝပါ။ ဒါက ဖြစ်တတ်ပါသည်။ ဖြစ်တတ်တဲ့ သဘောတရားလို့ပဲ ဆိုရမလားပဲ။

ကိုယ့်ဆန္ဒတွေ ကိုယ်လိုသလို ပြည့်ဝနေချိန်မှာ လက်မလေး ထောင်၊ ခါးလေး ထောက်၊ မာန်တကြွကြွ ဖြစ်နေဖို့ထက် ကိုယ့်ဆန္ဒတွေ ကိုယ်လိုသလို မပြည့်ဝတဲ့အခါမှာ ရင်ကော့ခံနေနိုင်ဖို့ အဓိက ကျသည် ဆိုသော ဒဿနကို နားမလည်၊ နှလုံးမသွင်းထားရင် ပိုလို့သာ ဆိုးတာပေါ့။

သူလည်း ပုထုဇဉ်ထဲက ပုထုဇဉ်တဦးမို့ ကိုယ့်ဆန္ဒ ပြည့်ဝရင် ဝမ်းသာကြည်နူးတဲ့ ပီတိလေးများ တဖွားဖွား ဖြစ်တတ်ပြီး၊ ကိုယ့်ဆန္ဒ



mgyoe.com

mgyoe.com
SAMPLE BOOK


မပြည့်ဝတဲ့ အခါကျတော့ ဘာမှ မလုပ်ချင်၊ မကိုင်ချင်လောက်အောင် စိတ်ဓာတ်ကျမိသည်။ အရာရာတိုင်းမှာ မဟုတ်ပေမဲ့ ကိုယ် မျှော်လင့်ချက်ကြီးရင် ကြီးသလို ဖြစ်တတ်ပါသည်။

ယခုလည်း ကြည့်၊ မဂ္ဂဇင်းစာစောင်တွေကို ပို့လိုက်သည့် စာမူတွေမှာ များသောအားဖြင့် လုံးခြင်း ဖြစ်သွားသည်က များသည်။ (မရွေးလို့ လုံးပြီး ခြင်းထဲကို ထည့်ခြင်းကို ဆိုပါသည်။) သည်တော့ ဘောလ်ပင်ကို မကိုင်ချင်လောက်အောင် စိတ်ဓာတ်ကျမိသည်။ သူ့ဘဝမှာ ဝါသနာ အပါဆုံးနဲ့ အဖြစ်ချင်ဆုံးက...။

သူ့ဘဝရဲ့ နောက်ဆုံး အချိန်များကို စာဖတ်ခြင်း၊ စာရေးခြင်းဖြင့်သာ ကုန်လွန်သွားချင်သည်။ သူမှာ အားနည်းချက် တခုက သိမ်ငယ်စိတ်၊ အားငယ်စိတ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အားနည်းသော စိတ်ကြောင့် စိတ်ပျော့ညံ့ချင်သည်။ ဖြစ်ပါ့မလား ဆိုတဲ့ သံသယတွေကလည်း စိုးမိုးနေတတ်သည်။

သည်အကြောင်းတွေကို အခန်းဖော် သူငယ်ချင်းကို ပြောပြတော့ စာဖတ်အားကောင်းသော အခန်းဖော် သူငယ်ချင်းက အောက်ပါ အကြောင်းအရာများကို ပြောပြပါသည်။

*

ရှေးခေတ် သီရိလင်္ကာ ဗုဒ္ဓစာပေတွေကို သင်ကြားပို့ချပေးနေတဲ့ ကျောင်းမှာ စာပေ လာသင်ယူနေရတဲ့ ရဟန်းတော်တပါး ရှိတယ်။

အဲဒီ ရဟန်းဟာ ဉာဏ်ထိုင်းတယ်။ ဒါကြောင့် အခြား ရဟန်းတွေလို မကျက်နိုင် မဖတ်နိုင်ဘူး။ ဂါထာလေးတပုဒ် အလွတ်ရဖို့တောင် လပေါင်း များစွာ ကျက်မှတ်ရတယ်။ အဲဒီလို ကျက်ရတဲ့အခါ ရှက်စိတ်


mgyoe.com

mgyoe.com SAMPLE BOOK


တွေ၊ စိတ်ပျက် အားလျော့မှုတွေ ဖြစ်လာပြီး-

"ရဟန်း ဘဝမှာ နေနေလည်း အလကားပါပဲ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်တာ ကောင်းပါတယ်"

လို့ တွေးမိတယ်။

ဒီအတွေးကို ခဏ ခဏ တွေးမိတယ်။ စာကျက်လို့ မရတိုင်း တွေးမိတယ်။

တနေ့မှာ ရဟန်းဟာ ကြိုးခွေတခွေကို ယူပြီး ကျောင်းနဲ့လည်း မလှမ်းမကမ်း၊ မြစ်နဲ့လည်း မနီးမဝေး အရပ်မှာ ရှိတဲ့ သရက်တောအုပ်ဆီကို သွားတယ်။ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ သတ်သေမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။

သရက်တောအုပ်ဆီကို ရောက်သွားတော့ ညနေစောင်းလေးပါ။ ရဟန်းဟာ သရက်ပင်ပေါ်ကို တက်တယ်။ ပြီးတော့ မြစ်ဆီကို အမှတ်မထင် ကြည့်လိုက်မိတယ်။ မြစ်ထဲကို ဆင်းတဲ့ ကျောက်လှေကားဆီကိုလည်း သူ့အကြည့်က ရောက်သွားတယ်။ အဲဒီကျောက်လှေကားကို မမှိတ်မသုန် ကြည့်နေတယ်။

အင်မတန် မာကျောလှတဲ့ ကျောက်လှေကားတွေရဲ့ ဘေးတဖက်တချက်စီပေါ်က 'ဝ'လုံးလေးလို ဝိုင်းစက်နေတဲ့ အဝိုင်းလေးက ရဟန်းရဲ့ အာရုံကို ဖမ်းစားထားတာကြောင့် သရက်ကိုင်းကို ကြိုးချည်ဖို့လည်း မေ့နေတယ်။

ရဟန်းက ကြည့်ရင်းနဲ့-

"ဒီလောက် မာကျောတဲ့ ကျောက်သားပေါ်မှာ ဒီလောက် ဝိုင်းနေတဲ့ အဝိုင်းလေးတွေကို ဘယ်သူများ ရေးထား၊ ထုထွင်းထားတာလဲ"

လို့ တွေးနေမိတယ်။


mgyoe.com

mgyoe.com


အဲဒီအချိန်မှာ အမျိုးသမီးနှစ်ယောက်ဟာ ရေအိုးကိုယ်စီနဲ့ ရေခပ်လာတာကို တွေ့လိုက်ရတယ်။

ရဟန်း ကြည့်နေတုန်းမှာပဲ အမျိုးသမီးနှစ်ဦးက ရဟန်း တက်နေတဲ့ သရက်ပင်အောက်ကနေ ဖြတ်ကျော်ပြီး ကျောက်လှေကား ထစ်တွေက တဆင့် မြစ်ထဲကို ဆင်းတယ်။

ရဟန်း မြင်နေရတဲ့ အဝိုင်းလေးနား ရောက်တော့ အမျိုး သမီး နှစ်ဦးက သူတို့ ယူလာတဲ့ ရေအိုးတွေကို စောစောက အဝိုင်း လေးတွေပေါ်ကို တင်လိုက်ပြီး လှေကားထစ်မှာ နှစ်ဦးသား ထိုင်ပြီး စကားပြောရင်း ခဏတဖြုတ် အမောဖြေကြတယ်။ ခဏကြာတော့ ရေ အိုးကိုယ်စီ ယူပြီး ရေခပ်ဖို့ ဆင်းသွားကြတယ်။

မကြာခင်မှာပဲ တခြားရေခပ်မယ့်သူတွေ ရောက်လာကြပြီး သူတို့ ပါလာတဲ့ ရေအိုးတွေကို အဝိုင်းလေးပေါ်တင်၊ ခဏတဖြုတ် အမောဖြေပြီးတော့ ရေအိုးကိုယ်စီ ယူပြီး ရေခပ်ဖို့ ဆင်းသွားကြပြန် တယ်။

ကျောက်လှေကားထစ်တွေဆီ ကြည့်နေတဲ့ ရဟန်းက–

"သြော်... ဒါ အခုမြင်နေတဲ့ ကျောက်လှေကားထစ်က အဝိုင်းလေးတွေဟာ ဘယ်သူကမှ လာပြီး အခုလောက် ဝိုင်းဝိုင်းစက် စက်လေးတွေ ဖြစ်နေအောင် ရေးထားတာ၊ ထုထွင်းတာ မဟုတ်ဘူး။ ညနေတိုင်း အခုလို ရေအိုးကလေးတွေ ချရင်း ချရင်းက ရက်တွေ ကြာ လာတော့ အခုမြင်ရတဲ့အတိုင်း ဝလုံးလေးတွေလို ဝိုင်းစက်နေတဲ့ အဝိုင်းလေးတွေ ဖြစ်နေကြတာပါလား။

အင်မတန် မာကျောတဲ့ ကျောက်သား ဖြစ်နေပေမဲ့ ရေအိုးကို အကြိမ်ကြိမ် အခါခါ အထပ်ထပ် နေ့စဉ်ရက်ဆက် တင်ပါများလာတဲ့ အခါမှာ ကျောက်သားကို ထုထွင်းထားသလို အမှတ်ထင်ထင် ဝိုင်း


mgyoe.com

mgyoe.com SAMPLE BOOK


စက်နေတဲ့ ပုံသဏ္ဍာန် ပေါ်လာတာပဲ။

ငါဟာလည်း မမေ့မလျော့တဲ့ လုံ့လနဲ့ အထပ်ထပ် အကြိမ်ကြိမ် အခါခါ စာပေတွေကို ကြိုးစားသင်ယူမယ် ဆိုရင် ဘာလို့ အထင်ကရ ပုဂ္ဂိုလ် မဖြစ်နိုင်ရမှာလဲ"

ဆိုတဲ့ အတွေး တွေးမိတယ်။ အားမာန်သတ္တိတွေ တက်လာတယ်။ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ သတ်မသေဖြစ်ဘဲ ကျောင်းတော်ဆီ ပြန်လာပြီး ရခဲ့တဲ့ အားမာန်သတ္တိတွေနဲ့ စာပေကြိုးစားလိုက်တာ စာပေမှာ တော်လည်း တော်၊ ကျော်လည်း ကျော်ခဲ့တယ်။

အထူးအားဖြင့် သဒ္ဒါကျမ်းတွေကို ပြုစုတဲ့ နေရာမှာ ကျော်ကြား ကျွမ်းကျင်တဲ့ ပညာရှင်တဦး ဖြစ်ခဲ့တယ်တဲ့။

ပြောလက်စနဲ့ ဆက်ပြောရဦးမယ်။ အမေရိကန်လူမျိုး တီထွင်ရှင် သောမတ်(စ်) အယ်ဒီဆင် ဆိုတာ သူငယ်ချင်း သိပါတယ်။ သူ့နာမည် ပြောလိုက်ရင် တကမ္ဘာလုံး သူ့ကို မသိသူ ရှားတယ်။ သူ့ရဲ့ တီထွင်မှုတွေဟာ အံ့မခန်းလောက်စရာပဲ။ သူ တဦးတည်း တီထွင်တာရော၊ သူများနဲ့ ပူးတွဲ တီထွင်တာရော အားလုံး ပေါင်းလိုက်ရင် မှတ်ပုံတင်ပြီးသား တီထွင်မှုပစ္စည်း မျိုးရေ (၁၁၀၀၀) လောက် ရှိတယ်။ ကမ္ဘာ့စံချိန်တင်ပါ။ ဘယ်သူမှ သူ့စံချိန်ကို မချိုးနိုင်သေးပါ။

သူဟာ ကမ္ဘာ့ပထမဦးဆုံး လုပ်ငန်းသုတေသန ဓာတ်ခွဲခန်းကြီးကိုလည်း ဖန်တီး တည်ထောင်သွားခဲ့တယ်။ လျှပ်စစ်တခေတ်ပြောင်းလဲဆန်းသစ်ရေး၊ တယ်လီဖုန်း စနစ်၊ ကြေးနန်းရိုက်စက်၊ အသံဖမ်း၊ အသံသွင်းနည်း ပညာတိုးတက်ရေး စတာတွေကို ကြိုးပမ်းအားထုတ်ခဲ့ရာမှာ သူ့ကျေးဇူးနဲ့ မကင်းခဲ့ပါ။ အများအပြား ရှိနေပါတယ်။

သူ့ရဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှုကို ကြည့်ပြီး သူ့ကို အဘက်ဘက်က ပြည့်စုံသူလို့ မထင်လိုက်ပါနဲ့ဦး။ သူ့ကို ကံတရားက မျက်နှာ


mgyoe.com

သာ မပေးခဲ့လို့ ကျောင်းနေရမယ့် အရွယ်မှာ အမေရိကန် ပြည်တွင်းစစ်ကြီး ဖြစ်လာခဲ့လို့ ပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ရဘဲ အသက် (၁၂) နှစ် အရွယ်မှာ မီးရထား အလုပ်သမား အဖြစ်နဲ့ အလုပ်ဝင်ခဲ့ရတယ်။

ရထားပို့ဆောင်ရေး လုပ်ငန်းနယ်ပယ်မှာ ကြေးနန်း ဆက်သွယ်ရေးစနစ် အသုံးတွင်ကျယ်လာတဲ့အခါ ကြေးနန်းရိုက်အလုပ်သင်တယ်။ အဲဒီအချိန်မှာ သူ့အသက် (၁၆) နှစ် ရှိနေပြီပေါ့။

သူ့မှာ မွေးရာပါ နားထင်ဘက်တခြမ်း ခေါင်းခွံ အနေအထား မမှန်တာကြောင့် ငယ်ငယ်ကတည်းက အကြားအာရုံ ချို့တဲ့ခဲ့တယ်။ ဒါပေမဲ့ ကြေးနန်းရိုက်တဲ့ အလုပ်က စက်ကလေးတွေ၊ မျဉ်းတိုကလေးတွေနဲ့ ဖော်ရတာ ဆိုတော့ နားမကောင်းတဲ့ သူ့အတွက် အခက်အခဲ မရှိဘူး။ နောက်ပိုင်းမှာ ကြေးနန်းဆက်သွယ်ရေးမှာ အကြားအာရုံ ပတ်သက်တာတွေ ပါလာလို့ အဆင်မပြေတာတွေ ဖြစ်လာတော့ အရင်ထက် အကြံအား၊ ဉာဏ်အား၊ လုံ့လဝီရိယ အားတွေကို ထုတ်သုံးတယ်။

(၁၆) နှစ်ကတည်းက အလုပ်ခွင်ထဲမှာ သူ မနေမနား ကြိုးစား တီထွင်လိုက်တာ ခြောက်နှစ်လောက် ကြာတော့ ကြေးနန်းကြိုး တချောင်းတည်းနဲ့ သတင်းပို့၊ သတင်းလက်ခံနိုင်တာတွေ ကြေးနန်း ရိုက်စက်တွေ၊ လျှပ်စစ်အချက်ပြ သင်္ကေတတွေကို အက္ခရာစာလုံးတွေ ပြောင်းလဲပုံနှိပ်ပေးတဲ့ စက်ကိရိယာတွေကို အောင်မြင်စွာ တီထွင်နိုင်ခဲ့တယ်။

အဲဒီလို တီထွင်နိုင်လောက်တဲ့ အသက် (၂၂) နှစ် အရွယ်မှာ သူဟာ နယ်လှည့် မီးရထားကြေးနန်း အလုပ်သမား အဖြစ်ကနေ စွန့်ဦးတီထွင် လုပ်ငန်းရှင် ဘဝကို ရောက်သွားတယ်။ လုပ်ငန်းရှင် ဖြစ်


mgyoe.com

mgyoe.com SAMPLE BOOK


သွားပေမဲ့ တီထွင်ဖန်တီးတဲ့ အလုပ်ကို မစွန့်လွှတ်ဘူး။ ဆက်လုပ်တယ်။ အလုပ် လုပ်နေရတာကို သူ ပျော်တယ်။

လုပ်ငန်းမှာ အမှားအယွင်းတွေ၊ မအောင်မြင်တာတွေ အများကြီး တွေ့ရတယ်။ ဒါပေမဲ့ စိတ်မပျက်ဘူး၊ အားမလျှော့ဘူး၊ အတွေ့အကြုံထဲ သင်ခန်းစာ ယူတယ်။ ဇွဲရှိရှိနဲ့ ဖြစ်အောင် လုပ်တယ်။ အသက် (၈၃) နှစ် အရွယ်မှာ ကွယ်လွန်သွားခဲ့တယ်။ ကွယ်လွန်ခါနီး ထိတောင် အလုပ် လုပ်ကောင်းဆဲ၊ တီထွင်လို့ ကောင်းဆဲပဲ၊ အလုပ်ကို စွဲစွဲမြဲမြဲ လုပ်သွားခဲ့တယ်။ ဒါကြောင့်လည်း စံချိန်ဘယ်သူမှ မချိုးနိုင်တဲ့ ကမ္ဘာ့စံချိန်တင် တီထွင်ပညာရှင်တယောက် ဖြစ်ခဲ့တာပေါ့။

အထက်မှာ ပြောခဲ့တဲ့ ရဟန်းငယ်လေး အကြောင်းကို ပြန်အာရုံပြုကြည့်ပါ။

'ဟင်... ငါ ဉာဏ်ထိုင်းတာပဲ၊ စာကြိုးစားလည်း ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး'

ဆိုပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မယ် ဆိုရင် သဒ္ဒါ ပညာရှင်တယောက် ဖြစ်လာခဲ့မှာ မဟုတ်ဘူး။ ဂါထာတပုဒ် ရအောင် လပေါင်းများစွာ ကြိုးစားအားထုတ်ခဲ့ရတာ၊ သဒ္ဒါပညာရှင်တယောက် ဖြစ်ထိုက်သူရဲ့ ကြိုးစားအားထုတ်မှုဟာ ဘယ်အတိုင်းအတာထိ ရှိတယ် ပြောပြစရာ မလိုတော့ပါဘူး။

သောမတ်(စ်) အယ်ဒီဆင်ကိုလည်း ကြည့်။

'ငါက ပညာမှ ဟုတ်တိပတ်တိ မသင်ရတာ၊ အလုပ်သမားပဲ'

ဆိုပြီး နေခဲ့မယ် ဆိုရင် သောမတ်(စ်)အယ်ဒီဆင် ဆိုတဲ့ နာမည်ကို ဘယ်သူမှ သိမှာ မဟုတ်ဘူး။ ဘယ်မှတ်တမ်းမှာမှလည်း သူ့ နာမည်ကို အရေးတယူ မှတ်တမ်းတင်ထားမှာ မဟုတ်ဘူး။ ကျန်မယ့် ကျန် သေစာရင်း မှတ်တမ်းထဲမှာပဲ ကျန်မယ်။ ကြိုးစားခဲ့လို့ ကမ္ဘာ


mgyoe.com

mgyoe.com


ကျော် ပညာရှင်တယောက် ဖြစ်ခဲ့တယ်။

သူ မသေခင်က စကားတခွန်း ပြောခဲ့ဖူးတယ်။

*Opportunity is missed by most people because it comes dressed in overalls and looks like work.*

"လူတော်တော်များများဟာ အခွင့်အလမ်းနဲ့ လွဲချော်တတ်တယ်။ ဘာပြု လို့လဲ ဆိုတော့ အခွင့်အလမ်းတ အလုပ်သမား ဝတ်ရုံကြီး ဝတ်လာပြီး ရုပ်ကလဲ အလုပ်ပုံ ပေါက်နေတာကိုး"တဲ့။

ဟုတ်တယ်။ အလုပ်လုပ်မှ အောင်မြင်မှုရမယ်။ အလုပ် မလုပ်ရင် အောင်မြင်မှု မရှိဘူး။ အောင်မြင်မှုနဲ့ အလုပ်၊ အလုပ်နဲ့ အောင်မြင်မှု ခွဲခြားလို့ မရဘူး။

အလုပ်လုပ်ရင်း အခက်အခဲ အတားအဆီး အများကြီး တွေ့ ရတယ်။ အဲဒီအခက်အခဲ အတားအဆီးကို ဖြတ်ကျော်ရမယ်။ အောင် မြင်မှု အသီးအပွင့်တွေကို ဆွတ်ယူ စားသုံးချင်တယ် ဆိုရင် ခက်ခဲမှု လောကစံတွေကို မလွဲမသွေ ဖြတ်ကျော်ရမယ်။

အခက်အခဲနဲ့ အတားအဆီးတွေ မရှိရင် အောင်မြင်မှု ဆို တာ ရှိလာမှာ မဟုတ်သလို ကြိုးစားမှု မရှိဘဲနဲ့လည်း အောင်မြင်မှု ဆိုတာ ရှိလာမှာ မဟုတ်ဘူး။

ဖြစ်ချင်ရင် ဖြစ်ရမယ် ဆိုတဲ့ စိတ်ထားပြီး ဖြစ်အောင်လုပ်မှ ဖြစ်တယ်။

ဖြစ်အောင်လုပ်မယ် ဆိုတဲ့ လူက မဖြစ်ရင် ဘာလုပ်မလဲ၊ ဖြစ်ကော ဖြစ်ပါ့မလား ဆိုတဲ့ အတွေးကို အဝေး မောင်းထုတ်လိုက်၊


mgyoe.com

mgyoe.com SAMPLE BOOK


ကိုယ့်အတွေးထဲကို လုံးဝ မရောက်လာစေနဲ့။

'မဖြစ်နိုင်ဘူး' ဆိုတာ လူဖျင်းလူညံ့တွေရဲ့အတွေးစကားပဲ။

ဝီရိယ ဝတော တိနာမကမ္မံ နသိဇ္ဈတိ – ကြိုးစားမှု မဆိတ်သုဉ်းသေးသမျှ အောင်မြင်မှုပန်းတိုင် ရှိနေတယ်။ ကြိုးစားမှု ဆိတ်သုဉ်းသွားရင်တော့ အောင်မြင်မှုပန်းတိုင် ဆိုတာ ကွယ်ပျောက်သွားပြီပဲ။

ကံကြမ္မာက လူတိုင်းကို မျက်နှာသာပေးခဲ့တယ်။ ကံကြမ္မာက မျက်နှာသာ မပေးလို့ ဆိုပြီး ကံကြမ္မာကို ယိုးမယ်ဖွဲ့ အပြစ်တင်နေစရာ မလိုဘူး။ ကိုယ်က လုံ့လဝီရိယအား၊ ဉာဏ် ပညာအား စိုက်ပြီးတော့ ကြိုးစားရမှာ ဖြစ်တယ်။

အောင်မြင်မှုရရန် အခြေအနေများက ဖန်တီးနေပါလျက် အခွင့် အလမ်းရှိနေပါလျက် လုံ့လဝီရိယအားကို ထုတ်ပြီး အောင်မြင်မှုကို မရယူတဲ့ သူဟာ နောက်ဆုံးတော့ နောင်တနဲ့ သောကကို ကိုယ်ပိုင်ရတတ်တယ်။

လှေကား ဆိုတာ တထစ်ချင်း တက်ရတာ။ ကျော်တက်မယ် မကြံနဲ့၊ ချော်ကျမှာ သေချာပဲ။ ဇွဲရှိရှိနဲ့ တထစ်ချင်းသာ တက်၊ မကြာခင် အမြင့် ရောက်မှာပဲ။

မိုင်ထောင်ချီ ခရီးရဲ့ အစဟာ ခြေလှမ်းတလှမ်းပဲ။

ကိုယ်တကယ် ဖြစ်ချင်ရင် တကယ်လုပ်ရတယ်။ အမှားတွေ၊ ချွတ်ယွင်းချက်တွေ ရှိနေလို့ မဖြစ်ဘူးလား။ မအောင်မြင်ဘူးလား။ ဘာဖြစ်လဲ။ ဒါ စိတ်ဓာတ်ကျစရာ မဟုတ်ဘူး။ တခါလုပ်လို့ မဖြစ်ရင်၊ မအောင်မြင်ရင် ဆယ်ခါ ထပ်လုပ်၊ ဒါဆိုရင် တခါတော့ ကြိမ်းသေဖြစ်မှာပဲ။

ဘာမှ မလုပ်ချင်လောက်အောင် စိတ်ဓာတ်ကျနေတော့ ကိုယ် ဖြစ်ချင်တာတွေက ဖြစ်လာမှာလား။ အလုပ်လုပ်မှ ကြိုးစားမှုရှိ


mgyoe.com

mgyoe.com SAMPLE BOOK


မှ အောင်မြင်မှုကို ရမယ်။ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒ ပြည့်ဝမယ်။

ဘာမှ မလုပ်ဘဲ မှိုင်တွေငေးနေတာဟာ အချိန်တွေကို ဖြုန်းတီးရာ ရောက်တယ်။ အချိန်ကို ဖြုန်းတီးပစ်ရင် ဘဝကို ဖြုန်းတီးပစ်လိုက်တာနဲ့ အတူတူပဲ။

ဘဝဆိုတာ အနည်းငယ်သော အချိန်လေးတွေကို ပေါင်းစုဖွဲ့စည်းထားတဲ့ အရာပါ။

ကိုယ့်အသက်ကို ချစ်ရင် အချိန်ကို ချစ်ပါ။

အချိန်ကို တကယ်ချစ်လို့ ကိုယ့်ဘဝ အောင်မြင်မှု၊ လောကကောင်းကျိုး ဖြစ်စေမှုတွေကို တကယ်လုပ်ရင် ကိုယ့်ဘဝကိုလည်း ချစ်ရာ ရောက်တယ်။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက-

"အောင်မြင်မှုနဲ့ ကြိုးစားအားထုတ်မှု" အတွက် အောက်ပါအတိုင်း မိန့်တော်မူခဲ့တယ်။

'အကြင်သူသည် အိပ်၍ ပျော်နေ၏။

ထိုသူ၏ ဘုန်းကံ ပါရမီ အရှိန်အဝါတို့သည် အိပ်၍ နေ၏'

'အကြင်သူသည် လူးလွန့်လာ၏။

ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည်လည်း ခေါင်းထောင်လာ၏'

'အကြင်သူသည် လုပ်ငန်းခွင်သို့ စ၍ ဝင်လာ၏။

ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည်လည်း အကျိုးပေးဖို့ရန် အသင့်အနေအထား စောင့်စား၍ နေကြကုန်၏။'

'အကြင်သူသည် လုပ်ငန်းကို ဆုံးခန်းတိုင်အောင်၊ ပြီးမြောက်အောင် ဖွဲ့


mgyoe.com

mgyoe.com SAMPLE BOOK


သန့်သန့်ဖြင့် ပြုလုပ်၏။

ထိုသူ၏ ဘုန်းကံပါရမီတို့သည်လည်း လန်းလန်းဆန်းဆန်းဖြင့် ပြုံးပန်းပွင့်ကာ အပြည့်အဝ အကျိုးပေးကြကုန်၏" တဲ့။

ဆရာတော်ကြီးက ဘာကို ဆိုလိုတယ် ဆိုတာ သိသာလှပါတယ်။

အောင်မြင်ချင်ရင် အလုပ်လုပ်ပါ။ အလုပ်လုပ်ရင် အောင်မြင်မှာပါ။

ကဲ… စကားကောင်းနေလိုက်တာ၊ နေ့လယ်စာ အချိန်တောင်ရောက်တော့မယ်။ ပြန်လိုက်ဦးမယ်။ သြော်… နေဦး နေဦး ပြောစရာကျန်သေးတယ်။

"အောင်မြင်မှုဆိုတာ တိုက်တာခြံမြေ ရွှေငွေဥစ္စာ ရာထူးတွေနဲ့ တိုင်းတာရတာ မဟုတ်ဘူး။ လောကကောင်းကျိုးကို ဘယ်လောက်ဆောင်ရွက်နိုင်ခဲ့တယ် ဆိုတာနဲ့ပဲ တိုင်းတာရမယ်။ ပြီးတော့ ပေါ်ပြူလာဖြစ်တာ၊ ဟော့(စ်) ဖြစ်တာနဲ့ အောင်မြင်တာနဲ့လည်း မတူဘူး၊ ကိုယ့်လူရေ…"

*

စာဖတ်အား ကောင်းသော သူငယ်ချင်းက သူ လေ့လာဖတ်ရှုခဲ့သော စာအုပ်စာပေနှင့် ပညာရှင်များ၏ အဆိုအမိန့်များကို ကိုးကား၍ ပြောသွားခြင်း ဖြစ်ပါသည်။ သူငယ်ချင်းနှင့် စကားပြတ်သွားပေမဲ့ သူ ၏ အတွေးများ မဆုံးသေး။ ဆက်လက်ဆင့်ပွား တွေးနေမိသည်။

'လုပ်ငန်းတခုကို လုပ်ကိုင်တဲ့ အခါမှာ ရည်ရွယ်ချက်ကို ဦး


mgyoe.com

mgyoe.com SAMPLE BOOK


တည်ပြီး ရှေးဦးစွာ လုပ်ငန်း စမိဖို့ရန် အရေးကြီးသည်။ စတင်ခြင်း လုပ်ငန်းသည် ယုံကြည်ချက် သဒ္ဓါကို အခြေခံသည်။ ယုံကြည်ချက် သဒ္ဓါတရား ထက်ထက်မြက်မြက် မရှိလျှင် လုပ်ငန်းကို မစဖြစ်တော့။ မည်သည့်လုပ်ငန်းမဆို ပထမဦးဆုံး ခြေလှမ်းသည် ခွန်အားအပြည့် ထည့်သွင်းပြီးတော့ လုပ်မှသာလျှင် လုပ်ငန်းသည် ခရီးရောက် ပြီး မြောက်မည်။ ဒါကြောင့် ဖြစ်ရမည်။ အောင်မြင်ရမည် ဟူသော ယုံကြည် ချက်သည် အလုပ်လုပ်သူတိုင်း၌ ရှိနေရမည်။

လုပ်ငန်းတခု ဖြစ်မြောက်ဖို့ အောင်မြင်ရန် ယုံကြည်ချက် သဒ္ဓါတခုတည်းနှင့် မပြီးသေး။

သဒ္ဓါနောက်က ဝီရိယလည်း လိုသည်။ ပညာလည်းလိုသည်။

ကြိုးစားအားထုတ်မှု ဝီရိယ မပါဘဲ သဒ္ဓါသက်သက်နှင့် လုပ် သော လုပ်ငန်းသည် များသောအားဖြင့် မကြာမီ ပျက်သွားတတ်သည်။

ဝီရိယသာ ရှိ၍ သဒ္ဓါတရား မပါပြန်ဘူး ဆိုလျှင် ထိုပုဂ္ဂိုလ်၏ အလုပ်သည် ရည်ရွယ်ချက် မပါဘဲ၊ ပဲ့ကိုင် မပါဘဲ ပင်လယ်ထဲမှာ လှေ တစင်း မျောနေသည်နှင့် တူနေမည်။

ပညာ မပါဘဲ သဒ္ဓါနှင့် လုပ်သော လုပ်ငန်းသည်လည်း အလွဲ လွဲ အမှားမှား ဖြစ်တတ်သည်။

သဒ္ဓါ ဝီရိယ ပညာတို့ တွဲမိနေဖို့ အလွန်အရေးကြီးသည်။

လုပ်ငန်းတခု စမိဖို့ သဒ္ဓါကို အခြေခံရမည်။

စမိပြီး ဆောင်ရွက်ပြီ ဆိုလျှင် သဒ္ဓါ၏ နောက်က လုပ်ငန်း အကောင်အထည် ဖော်ဖို့ စွဲမြဲဖို့ ဝီရိယကိုလည်း အခြေခံရမည်။

အဲသည် လုပ်ငန်းဖြစ်မြောက် အောင်မြင်စေရန် ပညာက လိုက်ပါနေရမည်။ ပညာ လိုက်ပါနေလျှင် သဒ္ဓါသည်လည်း ခိုင်မြဲနေ သော သဒ္ဓါ၊ အကောင်အထည် ပေါ်အောင် တွန်းအားပေးသည်။


mgyoe.com

mgyoe.com SAMPLE BOOK


သဒ္ဓါ ဝီရိယ ပညာတို့နှင့် ဟန်ချက်ညီညီ လုပ်ကိုင်ပါက မဖြစ်မြောက်၊ မအောင်မြင်ဘဲ ဘယ်မှာ ရှိတော့မည်နည်း။

*

"ဒေါင်... ဒေါင်... ဒေါင်..."

နာရီထိုးသံသည် တပ်လှန့်နိုးလိုက်ကာ သူ၏ အတွေးများကို ဖြတ်တောက်သွားသည်။ အထက်ပါ အတွေးများကို အစောပိုင်းက လုံးဝ သူ မတွေးမိခဲ့။ သူငယ်ချင်း ပြောခဲ့သော စကားများကို အခြေခံ၍ ဤအတွေးများ ဖြစ်ပေါ်လာသည် ထင်သည်။ အတွေးကောင်းနေ၍ ထင်သည်။ ခန္ဓာကိုယ်ကို နေရောင် ထိုးသည်ကိုပင် သတိမထားမိခဲ့။

အပြင်မှာ နေရောင် ထိုးနေပြီ ဖြစ်၍ စာကြည့်ခန်းထဲသို့ သူ၏ ခြေလှမ်းများကို ဦးတည်လိုက်မိသည်။

ခြေလှမ်းများက အရင်နှင့်မတူ။ ပေါ့ပါးသွက်လက်နေသည်။ သူငယ်ချင်း ပြောပြခဲ့သော ဝတ္ထုထဲက ရဟန်းငယ်လေးလို အားမာန်သတ္တိတွေ ပြည့်ဝနေလို့လား။ ဒါမှမဟုတ် သောမတ်(စ်) အယ်ဒီဆင်လို စိတ်ဓာတ် ခိုင်မာလာလို့ပဲလား။

သေချာသည်ကတော့ ခြေလှမ်းများက...။

❑

အကိုး - အရှင်စန္ဒသိရီ (ဟသာတ - မြစ်ကြွေ) ၏ 'အသိတန်ဖိုး' တရားတော်၊
- နန္ဒာသိန်းဇံ၏ 'တင်ထားရမည့်အရာ'၊
- မြင့်စိုးလှိုင်၏ 'ပထမတန်းစားလူ'။

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

# လူရည်ချွန်ဖြစ်ဖို့

mgyoe.com

mgyoe.com SAMPLE BOOK

"လူတိုင်းမှာ အစွမ်းကိုယ်စီ ရှိကြပါတယ်။ တိုယ်စွမ်းရာက မစကြဘဲ သူများ ပါးစပ်နဲ့ လမ်းဆုံးနေကြလို့သာ အစွမ်းမပြနိုင်ကြတာပါ"

ဓမ္မဘေရီ - အရှင်ဝီရိယ(တောင်စွန်း)

ယနေ့ခေတ်မှာ ဝါသနာ ပါတာနဲ့ အားကျတာကို တော်တော် များများ မကွဲပြားဘူး ထင်ပါတယ်။

ဝါသနာ ပါတာနဲ့ အားကျတာကို ရောထွေးလိုက်တော့ လျှောက်ရမယ့်လမ်း ဝေဝါးသွားပါတယ်။ ဒီတော့ ပန်းတိုင်လည်း ပျောက်နေတော့တာပါ။

ဝါသနာ ဆိုတာ ငယ်စဉ်ကတည်းက ကိုယ် အဖြစ်ချင်ဆုံး ရည်မှန်းချက်က အမြဲတမ်း စိတ်အစဉ်ကို လွှမ်းမိုးထားတာ။

အားကျတယ် ဆိုတာက သူများ ဘာဖြစ်တယ် ဆိုလို့ ကိုယ် ကလည်း လိုက်ဖြစ်ချင်တာ။



mgyoe.com

mgyoe.com
SAMPLE BOOK


သူများ ဆရာဝန်ဖြစ်လို့ ကိုယ် လိုက်ဖြစ်ချင်တာ။

ရုပ်ရှင်မင်းသား၊ မင်းသမီးဖြစ်လို့ ကိုယ် လိုက်ဖြစ်ချင်တာ။

စာရေးဆရာ ဖြစ်လို့ လိုက်ဖြစ်ချင်တာ စသည်ဖြင့် ဒါက ဝါသနာ မဟုတ်ပါ။ အားကျတာပါ။

အဲဒီ အားကျတာက ဝါသနာလို ဦးတည်ရာ ပန်းတိုင် မရှိ။ အာရုံတွေ ထွေပြားနေပါတယ်။ သူ သတ်မှတ်ထားတဲ့ ပန်းတိုင်ကလည်း တိကျမှု မရှိပါဘူး။

ကိုယ် ဘာဖြစ်ချင်တာလဲ။

ကိုယ် ဘာကို ဝါသနာ ပါတာလဲ ဆိုတာ သေချာစဉ်းစား ဆုံးဖြတ်ပြီးမှ တကျိုက်မက်မက် လုပ်မှသာ ဘဝမှာ အောင်မြင်သူတယောက် ဖြစ်လာမှာပါ။ ထိပ်ဆုံးကို ရောက်မှာပါ။

ဆေးကျောင်း ရောက်လာသူတွေထဲမှာ ဆရာဝန် အလုပ်ကို တကယ် ဝါသနာ ပါတာ မဟုတ်ဘဲ အမှတ်ကောင်းလို့၊ မိဘတိုက်တွန်းလို့။ ဆရာဝန်တွေကို အားကျလို့ ဆေးကျောင်းတက်နေသူ ဒုနဲ့ဒေးတဲ့။

အဲဒီလို လူတွေက ကျောင်းစာကို သိပ်စိတ်မဝင်စားကြပါ။ တကယ် ဝါသနာ မပါဘဲ၊ စိတ်စေတနာ မပါဘဲ အဖြစ်တက်နေကြတဲ့ ဆေးကျောင်းသားတွေ လက်ထဲကို နောင်တချိန်မှာ လူနာတွေရဲ့ အသက်ကို ပုံအပ်ရမှာ မတွေးရဲစရာ။

စကားစပ်လို့ ပြောရဦးမယ်။ မိမိအသိတယောက် အကြောင်းပါ။ သူ့သားက ဆေးပညာ ဆရာဝန်လိုင်းကို ဝါသနာ မပါဘူး။ ဒါပေမဲ့ ဆယ်တန်း အောင်လို့ အမှတ်ကောင်းတော့ သူက ဆရာဝန်အမေ ဆိုတဲ့ ဂုဏ်ကို မက်တော့ သားဖြစ်သူကို ဆေးကျောင်းကို အတင်းတက်ခိုင်းပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


သားဖြစ်သူက ဆရာဝန် ဖြစ်ချင်တာ မဟုတ်တော့ ဆေးပညာကို ဟုတ်တိပတ်တိ မသင်ဘူး။ သူကတော့ ဗေဒင်တွေ မေး၊ ယတြာတွေ ချေလိုက်ရတာ အမော၊ လူကြီးတွေကို ကန်တော့ရတာကလည်း ခွပ်ခွပ်လန်။

အဲဒီလိုနဲ့ပဲ ဆရာဝန်တဦး ဖြစ်သွားပါပြီ။ ဒါပေမဲ့...

သားဖြစ်သူက ဆေးရုံမှာထက် ကားပွဲစားတန်းမှာ အချိန်ကုန်တတ်နေတာပါ။ ဒီတော့ သူ့အတွက် ဆရာဝန်အမေ ဆိုတဲ့ ဂုဏ်ပုဒ်လေးတခု ရလိုက်တာက လွဲလို့ ဘာမှ အကျိုးမထူး။ တိုင်းပြည်အတွက်လည်း အဟောသိကံ။

*ကိုယ် ဝါသနာပါတာ ကိုယ် ဖြစ်ချင်တာတွေက ဖြစ်လာမှာလား။*

*လုပ်တိုင်းကော ဖြစ်ပါ့မလား။*

ကိုယ် ဝါသနာပါတာ ကိုယ် ဖြစ်ချင်တာတွေ လုပ်တိုင်း ဖြစ်ဖို့ အရင်ဆုံး လိုအပ်တာက စက်လေးပါးပါ။

၁။ ပုဗ္ဗေစကတ ပုညတာ – ရှေးရှေးကောင်းမှုကံ ရှိခြင်း။

လောကီအလို ပြောရရင်တော့ ဒီနေ့လုပ်ရမယ့် အလုပ်ကို ဒီနေ့လုပ်၊ အကြွေး မထားပါနဲ့။ နောက်တနေ့ အကူး မခံပါနဲ့။

တနေ့အလုပ် တနေ့ ပြီးပြတ်အောင် လုပ်မှသာ လည်ပတ်နေမှာပါ။

၂။ သပ္ပုရိသူပနိဿယ – ပညာရှိ သူတော်ကောင်းကို ဆည်းကပ်ခြင်း။

ဒါကလည်း အရေးကြီးပါတယ်။ ပညာရှိ သူတော်ကောင်းကို


mgyoe.com